# State leaders take charge after violent attacks in Rakhine State

UNION Ministers briefed the President and State Counsellor on the status of the violent attacks in Rakhine State yesterday morning.

The President's Office contacted the Commander-in-Chief (Army) and coordinated on deploying additional security forces and resources.

The Deputy Commander-in-Chief of Defence Services (Army) also briefed the President on the situation and met with the State Counsellor in the Presidential Palace at 2 p.m. to discuss the effective protection and defence of people in Rakhine State from the extremist terrorists and how to effectively defeat the extremist terrorists. The State Counsellor called a meeting with Union Ministers for Home Affairs, for Defence, for Border Affairs, for the State Counsellor's Office, the National Security Advisor, and Union Minister for the President's Office in the National Peace and Reconciliation Center in Nay Pyi Taw at 3 p.m.

At the meeting, the Union Ministers for the Ministry of Home Affairs, the Ministry of Defence and the Ministry of Border Affairs explained the simultaneous attacks by extremist terrorists on police and security force outposts, stations and bases which started at about 1 a.m. yesterday, the casualties among security personnel and civilians, the status of evacuating surrounded and blockaded civilians, the status of security personnel responding to the situation and the Rakhine State government's report on the situation on the ground.

SEE PAGE-4

IOFA | MMPS v1.0.0 | Printed By ... ON 27/08/2017 14:40:18

# State leaders take charge after violent attacks in Rakhine State



Daw Aung San Suu Kyi and Union Ministers hold the emergency meeting following terrorist attacks on police outposts in Rakhine State. **PHOTO: MNA**

**FROM PAGE-1**

The State Counsellor gave detailed instructions on increasing the security of personnel on duty in the region for the local populace and villagers. Timely guidelines and instructions were also given to the state government.

At that moment, arrangements were made to deploy additional Myanmar Police Force personnel to the region, while the Tatmadaw also reinforced existing personnel to effectively defend and provide security to the local people.Due to the attacks by the extremist terrorists, 11 security personnel and 1 immigration department official were killed.

Two extremist terrorists were captured alive and 77 extremist terrorists were killed. State leaders are personally managing the matters of protecting and defending the local people in the region and to effectively defeat the extremist terrorists, it is learnt.—Myanmar News Agency ■

# ရခိုင်ပြည်နယ် အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားသည့်ဒေသ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အင်အားကို လက်ရှိထက်တိုးမြှင့်ချထားပြီး တပ်မတော်မှလည်း တပ်ဖွဲ့အင်အားဖြည့်တင်းကာ ဒေသခံပြည်သူများ၏လုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန် ပြုလုပ်ပေးထား



ရခိုင်ပြည်နယ် လုံခြုံရေးကိစ္စရပ်များ တိုးမြှင့်ဆောင်ရွက်ပေးရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အစည်းအဝေးတွင် မှာကြားစဉ်

နေပြည်တော် ဩဂုတ် ၂၅

ဩဂုတ် ၂၅ ရက် နံနက်ပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ လူကိုယ်တိုင်လာရောက်၍ ယနေ့နံနက် စောစောပိုင်းက ရခိုင်ပြည်နယ်မြောက်ပိုင်း၌ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားနေမှု အခြေအနေများကို တင်ပြခဲ့သည်။

နိုင်ငံတော်သမ္မတရုံးအနေဖြင့်လည်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)နှင့် ဆက်သွယ်ကာ လိုအပ်သော လုံခြုံရေးတပ်ဖွဲ့များထပ်မံဖြည့်တင်းရေးကိစ္စ၊ ရဟတ်ယာဉ်သုံးစွဲရေးကိစ္စတို့ကို ညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)သည်လည်း နိုင်ငံတော်သမ္မတထံ အခြေအနေကို ဆက်သွယ်သတင်းပို့ခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အား နိုင်ငံတော်သမ္မတအိမ်တော်၌ မွန်းလွဲ ၂ နာရီတွင် လာရောက်တွေ့ဆုံကာ ရခိုင်ပြည်နယ် လူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ထိရောက်စွာကာကွယ်စောင့်ရှောက်ရန် နှင့် အကြမ်းဖက်သမားများအား ထိရောက်စွာနှိမ်နင်းရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်၊

စာမျက်နှာ ၈ ကော်လံ ၁ သို့ ◆

"မောင်တောမြို့နယ် ဒမောင်းဆိပ်မြို့ တောင်ပြိုလက်ဝဲမြို့နှင့် မြင်းလွတ်မြို့တို့တွင် ပိတ်မိနေသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံရာသို့ပြောင်းရွှေ့ပေးထားပြီးဖြစ်..."

## ပြည်တွင်းရေးရာ

◆ ရွှေ့ဖိုးမှ

နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့နှင့် မွန်းလွဲ ၃ နာရီခွဲတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(နေပြည်တော်)၌ အစည်းအဝေး ခေါ်ယူကျင်းပခဲ့သည်။

ထိုအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးများက ဩဂုတ် ၂၅ ရက် နံနက် ၁ နာရီမှစတင်၍ ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ကင်းစခန်းများ၊ အခြေစိုက်စခန်း အများအပြားကို ထစ်ပြိုင်နက်တည်း အကြမ်းဖက် တိုက်ခိုက်မှုများ ဆောင်ရွက်ခဲ့ပုံ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပြင် အပြစ်မဲ့ ပြည်သူများ သေဆုံး ထိခိုက်ဒဏ်ရာရရှိမှုအခြေအနေများ၊ ပိတ်ဆို့ခြင်းခံထား ရသော အရပ်သားပြည်သူများအား ကယ်ထုတ်ရန် လိုအပ်သည့်အခြေအနေ များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ တုံ့ပြန်ဆောင်ရွက်နေရသည့် အခြေအနေများ ရခိုင်ပြည်နယ်အစိုးရ၏ မြေပြင်အခြေအနေတင်ပြချက်များ စသည်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အဆိုပါဒေသ တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများနှင့် ဒေသခံရပ်သူ/ရွာသား များ၏ လုံခြုံရေးကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်ပေးရန် အသေးစိတ်လမ်းညွှန် မှုများ ပြုလုပ်ပေးခဲ့သည်။ ပြည်နယ်အစိုးရထံသို့လည်း အချိန်နှင့်တစ်ပြေးညီ အသိပေးလမ်းညွှန်မှုများ ပြုလုပ်ခဲ့သည်။

ယခုအခါတွင် အဆိုပါဒေသသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အင်အားကို လက်ရှိရှိသည့်အင်အားထက် တိုးမြှင့်တာဝန်ချထားရေးတို့ကိုဆောင်ရွက်ပေး ထားပြီး တပ်မတော်မှလည်း တပ်ဖွဲ့အင်အားဖြည့်တင်းကာ ဒေသခံပြည်သူတို့၏ လုံခြုံရေးကို ထိရောက်စွာကာကွယ်စောင့်ရှောက်ပေးရန် အစီအစဉ်များ ပြုလုပ် ပေးပြီးဟု သိရှိရသည်။

ထို့အပြင် မောင်တောမြို့နယ် ခမောင်းဆိပ်ရွာ၊ တောင်ပြိုလက်ဝဲရွာနှင့် မြင်းလွတ်ရွာတို့တွင် ပိတ်မိနေသော နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံရာသို့ ပြောင်းရွှေ့ပေးထားပြီးဖြစ် ကြောင်း သိရှိရသည်။

အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀ ဦး၊ လူဝင်မှုကြီးကြပ်ရေးဌာနမှ အရာထမ်း တစ်ဦး အသက်ဆုံးရှုံးခဲ့သည်။ အကြမ်းဖက်မှုတွင် ပါဝင်သည့် အကြမ်းဖက်သမား ၇၇ ဦးကို အလောင်းသိမ်းဆည်း ရမိခဲ့ပြီး နှစ်ဦးကို အရှင်ဖမ်းမိခဲ့သည်ဟု သိရှိရသည်။

ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စောင့်ရှောက် ကာကွယ်ရေးကိစ္စ၊ ဒေသတည်ငြိမ်ရေးကိစ္စ၊ အကြမ်းဖက်သမားများအား ထိရောက်စွာ နှိမ်နင်းရေး ကိစ္စတို့ကို နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် ကြီးကြပ်ကွပ်ကဲဆောင်ရွက် နေကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MOFA | MMPS v1.0.0 | Printed By ... ON 27/08/2017 14:40:18